# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး

# (၁၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၆၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၀၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၄-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့သို့ တက်ရောက်သည့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၆၅ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၄ ဦးအနက် ၆ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၅၈ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၄) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၅) နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ခွင့် ၁ ရက်၊

(၆) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

(၇) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၁၀) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၁ ရက်၊

(၁၁) သဲကုန်းမဲဆန္ဒနယ် ဦးစိုးအောင် ခွင့် ၂ ရက်၊

(၁၂) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၁၃) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၃ ရက်၊

(၁၄) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၅ ရက်၊

(၁၅) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန် ခွင့် ၅ ရက်၊

(၁၆) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၈ ရက်၊

(၁၇) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၁၈) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၁၉) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၂ ရက်၊

(၂၀) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၅ ရက်၊

(၂၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၂၂) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၃ ရက်၊

(၂၃) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၂၄) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၅ ရက်၊

(၂၅) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၅ ရက်၊

(၂၆) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၂၇) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၅ ရက်၊

(၂၈) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၅ ရက်၊

(၂၉) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၃၀) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၃၁) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် ခွင့် ၂ ရက်၊

(၃၂) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၂ ရက်၊

(၃၃) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၂ ရက်၊

(၃၄) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၃၅) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၂ ရက်၊

(၃၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၃၇) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၅ ရက်၊

(၃၈) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၃၉) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၄၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၄၁) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၄၂) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၄၃) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၄၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၄၅) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၄၆) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၄၇) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၄၈) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၄၉) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၁ ရက်၊

(၅၀) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၅၁) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၅၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၅၃) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၅၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း ခွင့် ၁ ရက်၊

(၅၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းထွဋ်သိန်း ခွင့် ၂ ရက်၊

(၅၆) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၅၇) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၃ ရက်နှင့်

(၅၈) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၂ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၅၈ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၈ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင် ဆောင်ရွက်ပါမယ်။

**အခွန်ပေးဆောင်မှုလျော့နည်းသည့် သတ္တုလုပ်ကွက်များအဖြစ် ရွှေ သို့မဟုတ် တန်ဖိုးကြီးမားသည့် အခြားသတ္တုတစ်မျိုးမျိုးကိုသာ ရှာဖွေတူးဖော်တာမျိုးရှိနိုင်၊ မရှိနိုင်နှင့် ယခင်ကဲ့သို့ လက်လုပ်လက်စား ရွှေတူးဖော်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိစပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးစွာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းလိုတာကတော့ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေကြတဲ့ သတ္တုရှာဖွေတူးဖော်ခွင့်ပြုနေမှုကိစ္စဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနှစ်သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ သတ္တုတူးဖော်ရေးကုမ္ပဏီတို့ကို သတ္တုရှာဖွေတူးဖော်ရေးလုပ်ကွက်များအဖြစ်နဲ့ လုပ်ကွက်အကြီး၊ အသေးခွဲခြားပြီးတော့ သတ်မှတ်ချထားမှုများရှိတာကို တွေ့ရှိရပါတယ်။ အနိမ့်ဆုံးဧက ၂၀ အသေးစားလုပ်ကွက်များ လျှောက်ထားမှုများရှိသလို ဧကပေါင်းသောင်းချီပြီးတော့ လျှောက်ထားမှုများ ရှိတာကိုလည်း တွေ့ရှိနေရပါတယ်။ ဧကပေါင်းသောင်းချီပြီး လျှောက်ထားတဲ့နေရာမှာ ရွှေတူးဖော်မှုအတွက်သာဖြစ်ပါက

သတ္တုတွင်းဝန်ကြီးဌာနသို့ ရွှေပေးသွင်းရမှုပမာဏဟာ များပြားပါတယ်။ အခွန်ပေးဆောင်မှုလျော့နည်းစေရန် ရည်ရွယ်ပြီးတော့ အခြားခဲ၊ ကြေး စတဲ့ သတ္တုလုပ်ကွက်တစ်မျိုးမျိုးအမည်နဲ့ ရှောင်လွှဲပြီးတော့ လျှောက်ထားပြီးမှ အမှန်တကယ် ရွှေ ဒါမှမဟုတ် တန်ဖိုးကြီးမားတဲ့ သတ္တုတစ်မျိုးမျိုးကိုသာ ရှာဖွေနေတာမျိုးတူးဖော်နေတာမျိုး ရှိနိုင်၊ မရှိနိုင်။ နောက် ကျွန်တော်တို့ လုပ်ကွက်ပိုင်ဆိုင်မှု ကိုင်တွယ်ထားပြီး အခွင့်အလမ်းသစ်တွေကို ရှာဖွေကာ ရင်းနှီးမြှုပ်နှံမှု ပိုမိုပွင့်လင်းလာတဲ့ အချိန်အခါကျမှ လုပ်ကွက်ကို တခြားပုဂ္ဂိုလ် တခြားကုမ္ပဏီများသို့ ရောင်းချရခြင်းမျိုးတွေ ရှိလာနိုင်၊ မရှိလာနိုင်တို့ကို သိရှိလိုပါကြောင်းနှင့် ထိုကဲ့သို့ မဖြစ်ပေါ်စေဖို့အတွက် သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့သော အစီအမံများ၊ စစ်ဆေးမှုများ၊ ညွှန်ကြားချက်များ ထားရှိတာကို သိရှိပါကြောင်းနဲ့ ကုမ္ပဏီဖွဲ့စည်းနိုင်ခြင်းအင်အားမရှိတဲ့ဒေသခံ မိဘပြည်သူများအတွက် ယခင်ကကဲ့သို့ လက်လုပ်လက်စားရွှေတူးဖော်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိကို သိရှိလိုပါကြောင်း ဒေသခံမိဘပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်အောင်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၏ အခွန်ပေးဆောင်မှုလျော့နည်းတဲ့ သတ္တုလုပ်ကွက်များအဖြစ် ရှောင်လွှဲလျှောက်ထားကာ ရွှေ သို့မဟုတ် တန်ဖိုးကြီးမားသည့် အခြားသတ္တုတစ်မျိုးမျိုးကိုသာ ရှာဖွေတာမျိုး၊ တူးဖော်တာမျိုး ရှိနိုင်၊ မရှိနိုင် ထိုကဲ့သို့ မဖြစ်ပေါ်လာနိုင်စေရေးအတွက် မည်ကဲ့သို့သော အစီအမံများ၊ စစ်ဆေးမှုများ၊ ညွှန်ကြားချက်များထားရှိသည်ကို သိလိုပါကြောင်းနှင့် ယခင်ကကဲ့သို့ လက်လုပ်လက်စားရွှေတူးဖော်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဓာတ်သတ္တုလုပ်ကိုင်ခွင့် ခွင့်ပြုမိန့်အတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများတွင် လျှောက်လွှာပုံစံများ သတ်မှတ်ထားရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(က) ရှာဖွေရန် ခွင့်ပြုမိန့်နှင့် စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်တို့ကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အပိုဒ် ၃ နှင့် အပိုဒ် ၁၂ အရ ပုံစံ(၁)ဖြင့်လည်းကောင်း၊

(ခ) အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်နှင့် အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်တို့ကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ အပိုဒ် ၂၃ နှင့် အပိုဒ် ၃၅ အရ ပုံစံ(၃)ဖြင့်လည်းကောင်း၊ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံတွင် လိုအပ်သလို ဓာတ်သတ္တုအမျိုးအစားကို ဖော်ပြရန် သတ်မှတ်ထားရှိပါတယ်။

ဓာတ်သတ္တုလုပ်ကိုင်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ အဆိုပြုဧရိယာတွင် လုပ်ကိုင်လိုသည့် သတ္တုဖြစ်ထွန်းမှု ရှိ၊ မရှိနှင့် လေ့လာတွေ့ရှိချက်များကို သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် သဘောထားမှတ်ချက်ရယူ၍ စိစစ်ဆောင်ရွက်ပြီး မှန်ကန်မှုရှိမှသာ ဦးစွာဓာတ်သတ္တုစူးစမ်းရှာဖွေရန်နှင့် ဖြစ်နိုင်စွမ်း စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်တို့ကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ အပိုဒ် ၅ အပိုဒ်ခွဲ(က) မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)အရလည်းကောင်း၊ ဆက်လက်၍အကြီးစားထုတ်လုပ်ရန်နှင့် သို့မဟုတ် အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်တို့ကို မြန်မာ့သတ္တုတွင်းနည်းဥပဒေများ အပိုဒ် ၂၅ အပိုဒ်ခွဲ(င)နှင့် အပိုဒ် ၃၇ အပိုဒ်ခွဲ(က)အရ ပုံစံ(၄)ဖြင့်လည်းကောင်း ထုတ်ပေးလျက်ရှိပါတယ်။ အထက်ဖော်ပြပါ ခွင့်ပြုမိန့် ထုတ်ပေးပုံစံများ၏ စည်းကမ်းချက်များ အပိုဒ် ၁၁ အပိုဒ်ခွဲ(စ)တွင် ခွင့်ပြုဓာတ်သတ္တုအမျိုးအစားမှအပ အခြားဓာတ်သတ္တုများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ တွေ့ရှိပါက ဝန်ကြီးဌာန၊ ဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ရမည်ဟု ဖော်ပြပါရှိထားသည့်အပြင် တွေ့ရှိရသော အခြား ဓာတ်သတ္တုသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး၊ ကန်ထရိုက်တာနှင့် လုံးဝမသက်ဆိုင်စေရဟု လုပ်ငန်းသဘောတူစာချုပ်၏ အခြားဓာတ်သတ္တုပစ္စည်းများ တွေ့ရှိခြင်းကဏ္ဍတွင် ဖော်ပြထားပါရှိပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနမှ တင်ပြချက်အပေါ် MIC မှ ထပ်မံစိစစ်ပြီး စူးစမ်းရှာဖွေခြင်း၊ ဖြစ်နိုင်စွမ်း လေ့လာခြင်းတို့အတွက် ဧကပေါင်းများစွာ တိုင်းတာစမ်းသပ်ခွင့် ခွင့်ပြုချက်ပေးထားသော်လည်း အမှန်တကယ်ထုတ်လုပ်မှု ပြုလုပ်သည့်အခါတွင် လိုအပ်သည့်ဧကလောက်ကိုသာ စိစစ်ခွင့်ပြုပေးပါတယ်။ စမ်းသပ်ရှာဖွေခြင်း၊ ဖြစ်နိုင်စွမ်းလေ့လာခြင်းကာလကိုမူ တစ်နှစ်အထိသာ ခွင့်ပြုထား ပေးပြီး

လုပ်ငန်းမပြီးမြောက်ပါက သက်တမ်းတိုးကာလတစ်နှစ်စီဖြင့် သက်တမ်းတိုးခွင့် စုစုပေါင်း နှစ်နှစ်ထိသာ ခွင့်ပြုပေးထားပါတယ်။ ဓာတ်သတ္တုစမ်းသပ်တိုင်းတာမှုလုပ်ငန်း ဆောင်ရွက်ရာတွင် ဓာတ်သတ္တုပါဝင်မှုကို သတ်မှတ်ချက်နှင့်အညီ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ ဓာတ်ခွဲခန်းတွင် ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်၍ စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ထုတ်လုပ်ခွင့်လျှောက်ထားရာတွင်လည်း စမ်းသပ်တိုင်းတာမှုအစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအစီရင်ခံစာတို့ကို ဓာတ်သတ္တုပါဝင်မှုနှင့် ဖြစ်ထွန်းမှုတို့ကို လေ့လာစိစစ်ပြီးမှ ခွင့်ပြုမိန့် ထုတ်ပေးပါသည်။ ခွင့်ပြုမိန့်ပါ သတ္တုထုတ်လုပ်ခြင်းမှအပ အခြားသတ္တုများ ထုတ်လုပ်ခြင်း မရှိစေရန် သက်ဆိုင်ရာလုပ်ငန်းဌာနများမှ ၄ လတစ်ကြိမ် ပူးတွဲစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများ ကျင်းပပြီး ကုမ္ပဏီများသို့ ညွှန်ကြားခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်း၊ လုပ်ကွက်အနီးကပ် ကြီးကြပ်ကွပ်ကဲသူများအဖွဲ့ ဖွဲ့၍စစ်ဆေးခြင်း၊ အစီရင်ခံစာတင်ပြခြင်းများကို ပုံမှန်လုပ်ဆောင်လျက်ရှိ ပါတယ်။ သို့ဖြစ်ပါ၍ သတ်မှတ်ဓာတ်သတ္တုမျိုးကိုသာ ဥပဒေအရ ခွင့်ပြုချက်ဖြင့် ထုတ်လုပ်စေပြီး အခြားသတ္တုတစ်မျိုးမျိုးကို ရှာဖွေခြင်းမျိုး၊ တူးဖော်ခြင်းမျိုး မဖြစ်နိုင်ရန် စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ခွင့်ပြုလုပ်ကွက်အား အခြားသို့ ရောင်းချခြင်းမျိုး ရှိနိုင်၊ မရှိနိုင်နှင့် ပတ်သက်၍ သတ္တုတွင်းနည်းဥပဒေ အပိုဒ် ၇၄ အပိုဒ်ခွဲ(က)နှင့် (ခ)တို့အရ ခွင့်ပြုမိန့်ရရှိသူသည် ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာန၏သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ခွင့်ပြုမိန့်အား လွှဲပြောင်းခွင့်ရှိပါတယ်။

ရွှေသတ္တုလက်လုပ်လက်စားခွင့်ပြုမိန့်နှင့် ပတ်သက်၍ ရွှေသတ္တုအပါအဝင် ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၀ အရ ထုတ်ပေးနိုင် ပါတယ်။ ဓာတ်သတ္တုလက်လုပ်လက်စားထုတ်လုပ်ခြင်းဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုသာ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုလိုသည်ဟု မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဠ) တွင် ပြဋ္ဌာန်းထားပြီး ခွင့်ပြုမိန့်ကို အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ထုတ်ပေးရမည်ဟု မြန်မာ့ သတ္တုတွင်းဥပဒေပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ဥပဒေဘောင်အတွင်း ရွှေထုတ်လုပ်မှုအဆင်ပြေချောမွေ့စေရန်နှင့် တိုင်းရင်းသားများ အလုပ်အကိုင်ရရှိပြီး စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန်အလို့ငှာ လက်လုပ်လက်စားရွှေထုတ်လုပ်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့ လုပ်ပိုင်ခွင့်အာဏာကို ၂၇-၉-၁၉၉၈ ရက်စွဲပါစာအမှတ်၊ ၂၆ အဖွဲ့ခွဲ(၂) ၉၈(ရွှေလုပ်ကွက်)ဖြင့် အပ်နှင်းခဲ့သော်လည်း မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ သာမန်လက်သုံးကိရိယာ

များကို အသုံးပြု၍ တူးဖော်ထုတ်လုပ်ခြင်းမျိုး မဟုတ်ဘဲ အသေးစား/အကြီးစားများကဲ့သို့ စက်ကိရိယာများ အသုံးပြုဆောင်ရွက်လာပြီး နိုင်ငံတော်အတွက် အခွန်အခရွှေရရှိခြင်းမရှိဘဲ သဘာဝပတ်ဝန်းကျင်ထိခိုက်လာသဖြင့် ၆-၅-၂၀၀၄ ရက်စွဲပါစာအမှတ် ၂၆-အဖွဲ့ခွဲ(၂)/၂၀၀၄ (ပတ်ဝန်းကျင်)ဖြင့် အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ အပ်နှင်းထားသော လက်လုပ်လက်စားခွင့်ပြုမိန့်ထုတ်ပေးခွင့်အာဏာကို ရုပ်သိမ်းခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လအထိ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်း၊ မိုးကုတ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်နယ်မြေများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ အထူးသတ္တုရှာဖွေရေးအတွက် အကြီးစား/အသေးစားရွှေလုပ်ကွက်များ ပိတ်သိမ်းပြီးနောက် ဒေသခံများ အလုပ်အကိုင်အဆင်ပြေစေရေး၊ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ အစီရင်ခံစာတင်ပြလာမှုဖြင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၄-၇-၂၀၀၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၀၉)အရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ်အတွင်းလည်းကောင်း၊ ၂၂-၉-၂၀၀၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၈၉/၂၀၀၉)အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်းလည်းကောင်း၊ ၉-၁၀-၂၀၀၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉၀/၂၀၀၉)အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်အတွင်းလည်းကောင်း၊ ၂၅-၃-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၁/၂၀၁၀)အရ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်အတွင်းလည်းကောင်း၊ ၂၈-၄-၂၀၁၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၀) အရ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်းလည်းကောင်း လုပ်ပိုင်ခွင့် ခွင့်ပြုပေးရန် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးထံ အပ်နှင်းခဲ့ပါတယ်။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းအနေနဲ့ ၂၀၀၉ ခုနှစ် ၂၀၁၁ ခုနှစ်အတွင်း ရွှေသတ္တုလက်လုပ်လက်စား လုပ်ကွက်တစ်ကွက်လျှင် ၀.၅ ဧက ခွင့်ပြုကာလတစ်နှစ်ဖြင့် အောက်ပါအတိုင်း လုပ်ကွက် ၂၅၃၉ ကွက်ကို လုပ်ကိုင်ခွင့်များ ပေးထားပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နယ် ၅၄၃ ကွက်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ် ၅၂ ကွက်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ၄၂ ကွက်၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် ၁၁၈ ကွက်၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ၁၇၈၄ ကွက်၊ စုစုပေါင်း ၂၅၃၉ ကွက်ဖြစ်ပါတယ်။ ထိုသို့ တူးဖော်လုပ်ကိုင်ခွင့် ပေးထားသော်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားဝင်ခွင့်ပြုချက်မရယူဘဲ တူးဖော်လုပ်ကိုင်သည့် လက်လုပ်လက်စားများ အထူးများပြားလာကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် လက်လုပ်လက်စား လုပ်ကိုင်သူများသည် ခွင့်ပြုချက်

ပေးမထားသည့် နည်းစနစ်များဖြင့် တူးဖော်လုပ်ကိုင်နေကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ ရွှေသတ္တုတူးဖော်ရာတွင် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွှေသတ္တုတူးဖော်ထုတ်လုပ်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းများ၊ မြေယာများ ထိခိုက်ပျက်စီးမှုမရှိစေရေး၊ သတ်မှတ်အခွန်အခများ မှန်မှန်ကန်ကန် ရရှိစေရေး၊ ရွှေထုတ်လုပ်ရာတွင် ပြဒါးသုံးစွဲမှုကြောင့် အန္တရာယ်ဖြစ်စေနိုင်မှုကို ထိန်းချုပ်ရေး၊ ခွင့်ပြုချက်မရှိသော စက်ယန္တရားများ အသုံးပြုမှုထိန်းချုပ်ရေး၊ ကြီးကြပ်ကွပ်ကဲမှုနှင့် အလုပ်သမားပြဿနာရပ်များကို ထိန်းချုပ်နိုင်ရေးတို့အတွက် ရွှေသတ္တုလက်လုပ်လက်စားတူးဖော်ခွင့်အား ခွင့်မပြုတော့ကြောင်း ၁၅-၂-၂၀၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ (၄/၂၀၁၂)ကြိမ်မြောက်အစည်းအဝေးတွင် ထည့်သွင်းဆုံးဖြတ်ခဲ့သည့်အတွက် ယခုအချိန်တွင် လက်လုပ်လက်စား ရွှေသတ္တုတူးဖော်လုပ်ကိုင်ခွင့်အား ခွင့်ပြုပေးနိုင်ခြင်း အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ လေးစားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသို့ ပြောင်းရွှေ့တည်ဆောက်မည့် ထိုင်းနိုင်ငံမှ သဘာဝဘေးအန္တရာယ်ရှိသော စက်ရုံဟောင်းများကိုစွနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ အတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော့်ရဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသို့ ပြောင်းရွှေ့တည်ဆောက်မည့် ထိုင်းနိုင်ငံမှ သဘာဝဘေးအန္တရာယ်ရှိသော စက်ရုံဟောင်းများကိုစွနှင့် ပတ်သက်တဲ့မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ မေးမြန်းခွင့်ပြုခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်းတင်ပြလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း(၁၆) ပုဒ်မ ၁၀၉ မှာ ပြည်ထောင်စုအစိုးရအား မေးမြန်းသောမေးခွန်းတစ်ရပ်သည် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရသော အများပြည်သူ

ကိစ္စများနှင့်စပ်လျဉ်းစေရမည် သို့မဟုတ် ပြည်ထောင်စုအစိုးရကတာဝန်ခံထားသော အုပ်ချုပ်မှု တစ်ရပ်ရပ်နှင့်သက်ဆိုင်စေရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ အလားတူ ပုဒ်မ ၁၃၃(ခ)မှာ အကြောင်း ကိစ္စတစ်စုံတစ်ရာသိလို၍ စုံစမ်းမေးမြန်းသော အချက်သာပါရှိရမည်ဖြစ်ပြီး ရှင်းလင်းလွယ်ကူစွာ နားလည်စေရန်မှတစ်ပါး အမည်နာမ သို့မဟုတ် ဖော်ပြချက်များမပါရှိစေရလို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၁၃၃(ဂ)မှာတော့ မိမိ၏ဖော်ပြချက်မှန်ကန်ကြောင်း မေးခွန်းမေးမြန်းသော လွှတ်တော် ကိုယ်စားလှယ်က လွှတ်တော်ကိုတာဝန်ခံရမည်လို့ ဖော်ပြထားပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်မေးမြန်းမယ့်အကြောင်းကိစ္စမှာ ပုဒ်မ ၁၃၃ (ဂ) အရ အချက်အလက်မှန်ကန်ကြောင်းကို တာဝန်ခံရမှာမို့ ကျွန်တော့်ရဲ့တင်ပြချက်မှာ အမည်နာမတချို့ အကြောင်းအရာတစ်ချို့ကို အထောက်အထားခိုင်လုံစွာဖော်ပြထားခြင်းကို ခွင့်ပြုပေးနိုင်ပါရန် ကြိုတင် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါ့အပြင် တင်ပြချက်များမှာ ဆေးပညာနဲ့သက်ဆိုင်တဲ့ဝေါဟာရများ မလွှဲမရှောင်သာပါဝင်လာတဲ့အတွက် အင်္ဂလိပ်လိုတင်ပြထားရတာကိုလည်း ခွင့်ပြုပေးပါရန် ကြိုတင် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဟာ လက်ရှိ အစိုးရသစ်တာဝန်မယူခင်ကလေးတင်မှာ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။ အဲ့ဒီအချိန်တုန်းက အခုတင်ပြမယ့်အကြောင်းအရာတချို့ကိုကြားသိခဲ့ရပေမယ့် အထောက်အထား ပြည့်ပြည့်စုံစုံရှာဖွေနေရတာကတစ်ကြောင်း၊ စီမံကိန်းကို ဆက်လက်ဆောက်ရွက်မည့်အခြေအနေ မရေမရာဖြစ်နေတာကတစ်ကြောင်းတို့ကြောင့် ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ယခုအချိန်မှာတော့ ကျွန်တော်တို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများနှင့်အညီ တာဝန်ယူ ကြီးကြပ်မည့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများလည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ပြည်သူလူထုအများစု ဟာလည်း မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းတောင်စီမံကိန်းတို့နှင့်ပတ်သက်ပြီးတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာအသိပညာများ၊ အတွေ့အကြုံများ၊ ဂရုပြုမှုများပိုမိုများပြားလာပြီဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့လက်ထက်မှာ ဒီစီမံကိန်းနှင့်ပတ်သက်ပြီးတော့ အထောက်အထားများ စုဆောင်းရရှိပြီးဖြစ်တဲ့အပြင် ဒီစီမံကိန်းကြီးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ တွေ့ဆုံ ညှိနှိုင်းနေကြတာမို့ အများပြည်သူကိစ္စများနှင့်စပ်လျဉ်းတဲ့ကိစ္စများဖြစ်တဲ့အပြင် ပြည်ထောင်စုကြီး အကျိုးမျှော်ကိုးပြီးမေးမြန်းတင်ပြရခြင်းဖြစ်ကြောင်း ပထမဦးစွာတင်ပြလိုပါတယ်ခင်ဗျား။

ထိုင်းနိုင်ငံ၊ ရနောင်းမှာတည်ရှိတဲ့ Matter Post စက်မှုဇုန်မှာ စက်ရုံပေါင်း ၇၆ ရုံရှိတဲ့အနက် အနည်းဆုံး ၃၅ ရုံမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကနေပြီးတော့ ကင်ဆာအထိဖြစ်စေတတ်တဲ့အန္တရာယ်ရှိတဲ့ ဓာတုပစ္စည်းများသုံးစွဲခဲ့ကြောင်း ထိုင်းတက္ကသိုလ်တစ်ခုက တရားဝင်စုံစမ်းတွေ့ရှိခဲ့ပါတယ်။ စက်ရုံ ၂၁ ရုံမှာ ကင်ဆာဖြစ်စေတတ်သောပစ္စည်းများ Casino Genie Suspect များကို ကုန်ထုတ်လုပ်ငန်းများမှာ သုံးစွဲခဲ့ကြပါတယ်။ အလားတူ အသက်ရှူလမ်းကြောင်း၊ ဦးနှောက်၊ မျိုးပွားခြင်း၊ သန္ဓေသား၊ သွေးစနစ်၊ အသဲနှင့် ကျောက်ကပ်ရောဂါများ၊ အရေပြား၊ မျက်စိရောဂါဆိုင်ရာရောဂါများဖြစ်စေတတ်သော အန္တရာယ်ရှိပစ္စည်းများ Top set Chemical များကို သုံးစွဲခဲ့ကြပါတယ်။

အဲ့ဒီအတွက်ကြောင့် အဲ့ဒီစက်မှုဇုန်ကို Evolution Control ဇုန်အဖြစ်သတ်မှတ်ကြေညာခဲ့ပါတယ်။ တွေ့ရှိချက်များကိုလည်း ယခင် ထိုင်းဝန်ကြီးချုပ်ဟောင်းဦးဆောင်တဲ့အဖွဲ့ကိုပေးပို့ခဲ့ကြပါတယ်။ အထက်ပါကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကြောင့် ယင်းစက်မှုဇုန်ရှိ စီမံကိန်းများအချို့ကို ၂၀၀၉ ခုနှစ်မှာပိတ်သိမ်းခဲ့ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲ့ဒီစက်မှုဇုန်မှာရှိတဲ့ စက်ရုံအချို့ဟာ ထိုင်းနိုင်ငံမှာဆက်လက်ထားရှိဖို့မသင့်တော်တာမို့ ထားဝယ်ဆိပ်ကမ်းစီမံကိန်းသို့ ပြောင်းရွှေ့ဖို့ဆုံးဖြတ်ချမှတ်ခဲ့ကြောင်း ၂၀၀၉ ခုနှစ်အတွင်းမှာ ထိုင်း ရုပ်မြင်သံကြားမှာ အဲ့ဒီတုန်းက တာဝန်ရှိအကြီးအကဲကိုယ်တိုင်ထုတ်ဖော်ပြောကြားခဲပါတယ်။ ၂၆-၁၁-၂၀၁၀ ရက်နေ့ထုတ် The Newyork Times မှာလည်း တရားဝင်ဖော်ပြခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် အတွင်းမှာတော့ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံခေါင်းဆောင်ကြီးများတွေ့ဆုံခဲ့ပြီး ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကိုအကောင်အထည်ဖော်ဖို့ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ကြားသိခဲ့ရပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ထိုင်းနိုင်ငံဒေသခံများကို (က) ကင်ဆာအပါအဝင်ရောဂါများကျရောက်စေခဲ့သော (ခ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုဆိုးဆိုးဝါးဝါးဖြစ်စေခဲ့သော (ဂ) ထိုင်းနိုင်ငံတရားရုံးများ အာဏာပိုင်များက ပိတ်သိမ်းထားခဲ့သော ဓာတုဗေဒစက်ရုံများအပါအဝင် အခြားစက်ရုံအဟောင်းများကို မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းတည်ဆောက်ခြင်းကို လုံးဝခွင့်မပြုစေရေး နိုင်ငံတော်အစိုးရကို တိုက်တွန်းလိုပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းများကတော့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုပါတယ်။ ဒါပေမယ့် အကြောင်းကြောင်းကြောင့် အဲ့ဒီ စက်ရုံအဟောင်းတွေကို ထားဝယ်ရေနက်ဆိပ်ကမ်းကို မဖြစ်မနေပြောင်းရွှေ့တည်ဆောက်မည်ဆိုပါက (က) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းဆုံးဖြစ်စေတဲ့အစီအမံများ၊ ခေတ်မီစက်မှုနည်းကိရိယာများ၊

ထိန်းချုပ်မှုများစိစစ်တပ်ဆင်ပေးရန်အစီအစဉ်ရှိ၊ မရှိ။ (ခ) သီးခြားလွတ်လပ်တဲ့မြန်မာပြည်သူပြည်သား အများစုကလက်ခံနိုင်သော ဂုဏ်သရေရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ ပါဝင်ဖွဲ့စည်းထားတဲ့ အဖွဲ့များနှင့် EIA/SIA/HIA လေ့လာစိစစ်ချက်များကို ထိထိရောက်ရောက်ဆောင်ရွက်စေပြီး ပြည်သူ အများသိရှိစေရေးထုတ်ပြန်ကြေညာပေးရန် အစီအစဉ်ရှိ၊ မရှိ။ (ဂ) စီမံကိန်းတစ်ခုလုံးကို ပြည်သူ အများသိရှိစေရန်အတွက် ထင်သာမြင်သာရှိစေသော သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီထုတ်ပြန်ပေးစေရေး ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အကြံပြုမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ရွှင်လန်းခြင်းရှိကြပါစေကြောင်း ဆုမွန် ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ရဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီရဲ့အတွင်းရေးမှူးလည်းဖြစ်တဲ့ ဦးသိန်းလွင်ရဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်ပတ်သက်တဲ့ သိရှိလိုသည်များကို သက်ဆိုင်တဲ့ဌာနများဖြစ်ကြတဲ့ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ နောက်တစ်ခုကတော့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ရဲ့ ကိုယ်စား ကျွန်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စီးပွားရေးဇုန်ဟာ ဒေသခံပြည်သူများအပါအဝင် ပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေတိုးတက် စေရေးရှိနိုင်မည်ဖြစ်ပြီးတော့ တစ်မျိုးသားလုံး၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမှုကို ရရှိစေနိုင်တဲ့ လုပ်ငန်းရပ်တစ်ရပ်ဖြစ်ပါတယ်။ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင် ရေးရာမူဝါဒဖြစ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာကာကွယ် စောင့်ရှောက်မှုကို ပဓာနကျသောရည်မှန်းချက်အဖြစ် ထာဝစဉ်ထားရှိရမည်ဆိုသည့်အချက်နှင့်အညီ စီမံကိန်းတည်ဆောက်မှုနှင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ဆက်စပ်ဖြစ်ပေါ် လာနိုင်သည့် လူမှုစီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များကို အလေးအနက်ထည့်သွင်း စဉ်းစားသွားရန် လိုအပ်မည်ဖြစ်ပါတယ်။

ပထမမေးခွန်းနှင့်ပတ်သက်၍ ထိုင်းနိုင်ငံမှစက်ရုံအဟောင်းများတင်သွင်းရန် အစီအစဉ်မရှိပါကြောင်း ထိုင်းနိုင်ငံစက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများ တည်ဆောက်ထူထောင်ရေးဆိုင်ရာ ကဏ္ဍဆပ်ကော်မတီထံမှသိရှိရပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ကုန်ထုတ်လုပ်မှုပြုမည့် စက်ရုံများ၊ အလုပ်ရုံများနှင့် ဝန်ဆောင်မှုပေးသည့်အလုပ်ရုံများဟူ၍ပါရှိမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံများအား အကြီးစား၊ အလတ်စားနှင့် အသေးစားစက်မှုလုပ်ငန်းများဟူ၍ အမျိုးအစားများခွဲခြားပြီးတော့ သတ်မှတ်မှာဖြစ်ပါတယ်။ ယခုချိန်အခါမှာ ထားဝယ်အထူးစီးပွားရေးဇုန်၏ စက်မှုလုပ်ငန်များတွင်ပါဝင်မည့် စက်ရုံ၊ အလုပ်ရုံအမျိုးအစားများကို တရားဝင်သတ်မှတ်ထားခြင်း မရှိသေးပါကြောင်းတင်ပြအပ်ပါတယ်။ ပြည်ပမှမည်သည့်ကုမ္ပဏီကိုမျှလည်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားခြင်းမရှိသေးပါ။ မိမိတို့နိုင်ငံအတွင်းသို့ စက်ရုံအဟောင်းများတင်သွင်းလာမှုမရှိစေရေးအတွက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် စက်ရုံအလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများ တည်ဆောက်ထူထောင်ရေးဆိုင်ရာ ကဏ္ဍဆပ်ကော်မတီမှစိစစ်ကြပ်မတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ လုပ်ငန်းနှင့်သက်ဆိုင်သည့်ဌာနများ ဥပမာအားဖြင့် တည်ဆောက်မည့် စက်ရုံ၊ အလုပ်ရုံနှင့် ဆက်စပ်ပစ္စည်းများအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစစ်ဆေးရန် စက်မှုဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များစိစစ်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များစိစစ်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစသည်ဖြင့် သက်ဆိုင်သည့်ဌာနများနှင့်ပူးပေါင်း၍ လိုအပ်သော ကြိုတင်ကာကွယ်တားဆီးမှုများဆောင်ရွက်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ခြင်းစသည့် နည်းလမ်းအသွယ်သွယ်ကို ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အထူးစီးပွားရေးဇုန်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်လာပါကလည်း ဒီကိစ္စကို ကာကွယ်တားဆီးခြင်း၊ ထိန်းသိမ်းနိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄ တွင် ညစ်ညမ်းမှုကိုစတင်ဖြစ်ပေါ်စေသည့် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကိုဖြစ်စေသည့်ပစ္စည်းများကို သတ်မှတ်ထားသည့်ပတ်ဝန်းကျင်အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဥပဒေပုဒ်မ ၁၅ တွင် ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော

နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန်စီစဉ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ ဆောင်ရွက်ရမည့်လုပ်ငန်းစီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် အစီအမံများချမှတ်ဆောင်ရွက်ရေး၊ ထိန်းချုပ်မှုများ၊ ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ အသုံးပြုတပ်ဆင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးများအပေါ် ထိခိုက်မှုများကိုဆန်းစစ်ရာတွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနဲ့သက်ဆိုင်ပတ်သက်မှုမရှိသော သို့မဟုတ် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များရဲ့ အထောက်အပံ့ရယူထားခြင်းမရှိသော လွတ်လပ်သည့်ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်နှံ့စပ်သည့်ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့အစည်းတစ်ရပ်ကဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းဆန်းစစ်ခြင်းအစီရင်ခံစာအပေါ်တွင်လည်း ဘာသာရပ်ဆိုင်ရာကျွမ်းကျင်နှံ့စပ်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြင့် စိစစ်သုံးသပ်ဆောက်ရွက်သွားမှာဖြစ်ပါတယ်။ ထိုသို့ ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးတို့အပေါ် ထိခိုက်မှုဆန်းစစ်ခြင်း၊ အစီရင်ခံစာစိစစ်သုံးသပ်ခြင်း စီမံကိန်းလုပ်ငန်းခွင်ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိရန် ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ရောက်လာမည့် စက်မှုလုပ်ငန်းအမျိုးမျိုးအား အမျိုးသားအကျိုးစီးပွားအလို့ငှာ ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးရာတွင် လုပ်ငန်းများတည်ဆောက်မှုနှင့် လည်ပတ်လုပ်ကိုင်မှုများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးများအပေါ် ထိခိုက်နိုင်မှုများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ခေတ်မီနည်းပညာများ၊ ကိရိယာများတပ်ဆင်အသုံးပြုမှုများနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများ တည်ဆောက်ထူထောင်ရေးဆိုင်ရာကဏ္ဍဆပ်ကော်မတီ၊ သက်ဆိုင်ရာအစိုးရ၊ ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျစိစစ်ခြင်း၊ ခေတ်မီနည်းပညာ၊ စက်ကိရိယာများနှင့် ထိန်းချုပ်ကွပ်ကဲခြင်းအပါအဝင် ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေးရေးနည်းစနစ်များ ထားရှိအကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် စီမံကိန်းအကောင်အထည်ဖော်သူများကိုလည်းပဲ ဖော်ပြပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် သီးခြားအဖွဲ့တစ်ရပ်ဖွဲ့စည်းထားရှိ၍ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးစနစ်ကိုလည်း ထားရှိဆောင်ရွက်သွားစေမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တတိယမေးခွန်းနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ စီမံကိန်းတစ်ရပ်လုံးကို ပြည်သူများသိရှိနိုင်ရေးအတွက် ထင်သာမြင်သာရှိစေသော သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီထုတ်ပြန်ပေးရေးကိစ္စနှင့်ပတ်သက်၍ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်း များအကောင်အထည်ဖော်နိုင်ရေးအတွက် ဆပ်ကော်မတီတစ်ခုဖြစ်သည့် ရပ်ရွာဒေသလူ့အဖွဲ့အစည်း များဖွံ့ဖြိုးတိုတက်ရေးဆိုင်ရာကဏ္ဍဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီ အသီးသီးမှပုဂ္ဂိလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ မြို့နယ်အုပ်ချုပ်ရေး မှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နဘုလယ် ဒေသ၊ ပုဂေါ်ဇွန်းဒေသရှိကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ အီတာလျံ-ထိုင်းဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထားဝယ်၊ ရေဖြူ၊ လောင်းလုံမြို့နယ် များမှကျေးရွာ အသီးသီးမှရပ်မိရပ်ဖများ၊ သတင်းမီဒီယာအဖွဲ့အစည်းများမှ စုစုပေါင်းအင်အား ၄၀၀ ကျော်အား ဖိတ်ကြား၍ အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေးနှင့် ဆက်စပ်သည်လုပ်ငန်းများ၏ အခြေအနေအရပ်ရပ်ကို ဒေသခံပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲတစ်ရပ်ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။

ဆက်လက်၍လည်း စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် များ၊ ပတ်ဝန်းကျင်နှင့် လူမှုရေး၊ ကျန်းမာရေးတို့အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကဆောင်ရွက်မည့်အစီအစဉ်များ၊ စီမံကိန်း လုပ်ငန်းတိုးတက်မှုအခြေအနေနှင့် အခြားသတင်းအချက်အလက်များကိုလည်းပဲ ဆက်စပ်ဆောင်ရွက် မည့်လုပ်ငန်းအစီအစဉ်တို့ကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် အသိပေးရှင်းလင်း ပြောကြားခြင်း၊ ထုတ်ပြန်ကြေညာအသိပေးခြင်း၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပ၍ ရှင်းလင်းဆွေးနွေးခြင်းများ၊ အကြံဉာဏ်များရယူခြင်းတို့ကို ဆက်လက်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မိုင်းပွန်ဒေသတွင် GSM Mobile Phone တပ်ဆင်အသုံးပြုခွင့်ရရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှင့် မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်သို့ ကျွန်တော် တင်သွင်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းဆက်သွယ်ရေးဌာနနှင့်ဆိုင်တဲ့ မေးခွန်းကို မေးမြန်းပါ့မယ်။ မိုင်းပွန်ဒေသတွင် GSM Mobile Phone တပ်ဆင်အသုံးပြုနိုင်ရန်အတွက် မိုင်းပွန်ဒေသမှာနေထိုင်ကြတဲ့ တိုင်းရင်းသားမိဘပြည်သူများတို့ဆန္ဒ မိဘပြည်သူများတို့ရဲ့အကျိုးအတွက် ရည်ရွယ်လျက် မိုင်းပွန်ဒေသတွင် GSM Mobile Phone တပ်ဆင်အသုံးပြုခွင့်ရရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်း။ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဌမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့ မိုင်းပွန်ဒေသမှာ GSM Telephone များတပ်ဆင်အသုံးပြုရရှိရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများကိုဖြေကြားပေးမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့နယ် မိုင်းပွန်ဒေသမှာ GSM Mobile Phone များတပ်ဆင်အသုံးပြုခွင့်ရရှိရေးနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ဝန်ကြီးဌာနမှ မကြာမီ

ဆောင်ရွက်ပေးမယ့် ကျေးလက်ဒေသ GSM နှင့် UMTS တိုးချဲ့တပ်ဆင်စီမံကိန်းမှာ ထည့်သွင်းဆောင်ရွက်ပေးဖို့ စီစဉ်ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မိုးညှင်းမြို့နယ်၊ မော်ဟန်ဒေသ၌ CDMA နှင့် GSM မိုဘိုင်းဖုန်းများ ဆက်သွယ်အသုံးပြုနိုင်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားဂါရဝထားကြောင်းပါ။ ကျွန်တော်က အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်က ဦးကျော်စိုးလေးရဲ့ကိုယ်စား မိုဘိုင်းဖုန်းများနှင့် ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မန္တလေးကနေ မြစ်ကြီးနားကို မီးရထားနှင့်သွားလိုက်မယ်ဆိုရင် မိုးညှင်းမြို့ကိုမရောက်ခင် ၁၆ မိုင် လောက်အလိုမှာ မော်ဟန်ရတနာမြေဆိုတာရှိပါတယ်။ အဲဒီမော်ဟန်ရတနာမြေ မော်ဟန်ဒေသမှာ ကျောက်မျက်တူးဖော်တဲ့ကုမ္ပဏီတွေ၊ ကျောက်စိမ်းလုပ်ငန်းရှင်တွေ၊ ကျေးလက်တောင်သူတွေနဲ့ စည်စည်ကားကားရှိလာပါတယ်။ သို့သော် အဲဒီဒေသနေပြည်သူများဟာ ဒီမိုဘိုင်းဖုန်းရဲ့ အရေးပါမှုကို သိရှိသော်လည်းပဲ ဒီနေ့အချိန်မှာတော့ ဆက်သွယ်မှုဧရိယာရဲ့ ပြင်ပကိုရောက်ရှိနေကြတာဖြစ်ပါတယ်။ တကယ်တော့ အဲ့ဒီဒေသမှာ ကျွန်တော်တို့ မိုက်ကရိုဝေ့တာဝါတိုင်ကြီးလည်းရှိနေပြီဖြစ်ပါတယ်။ နောက် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ရဲ့ မော်ဟန်ဒေသမှာ CDMA နှင့် GSM ဖုန်းများ တပ်ဆင်ပေးဖို့ရန်အတွက် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခြင်းရှိမရှိဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ဒီနေ့ ကျွန်တော်တို့ CDMA-450 MHZ စနစ်မှာ အင်တာနက်ချိတ်ဆက်မှုကို ဆောင်ရွက်ပေးနိုင်၊ မပေးနိုင်လည်း သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**[**ဦးကျော်စိုးလေး၊ မိုးညှင်းမဲဆန္ဒနယ်ကိုယ်စား ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ မိုးညှင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးရဲ့ မိုးညှင်းမြို့နယ်၊ မော်ဟန် ဒေသမှာ CDMA နှင့် GSM မိုဘိုင်းဖုန်းများ ဆက်သွယ်အသုံးပြုနိုင်ဖို့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်းမေးမြန်းထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာမှာ အိမ်ခြေ ၃၀၇ လုံးခန့်နှင့် လူဦးရေ ၂၅၅၂ ဦးရှိပြီးတော့ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ ၂၈-၆-၂၀၀၉ ရက်နေ့ကနေပြီးတော့ ဖွင့်လှစ်ပေးခဲ့တဲ့ လိုင်းအင်အား ၂၆၀၀ ပါ မိုးညှင်း CDMA-450 MHZ မိုဘိုင်းရေဒီယိုစခန်းကနေပြီးတော့ CDMA-450 MHZ တယ်လီဖုန်းများကို အထိုင်ဖုန်း Fit Terminal နှင့် ပြင်ပအင်တီနာ Outdo အင်တီနာတို့ဖြင့် ဆက်သွယ်ပြောဆိုလို့ရအောင် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ အဆိုပါကျေးရွာမှာ GSM မိုဘိုင်းဖုန်း တယ်လီဖုန်းတပ်ဆင်ပေးရေးကို လတ်တလောအနေနဲ့ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အထူးလိုအပ်လျက်ရှိသော လူနာတင် မော်တော်ယာဉ်တစ်စီး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြား၍ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ကျန်းမာရေးနှင့်ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးမှာ အထူးလိုအပ်လျက်ရှိတဲ့ လူနာတင်မော်တော်ယာဉ်တစ်စီး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မဲဆန္ဒနယ် မြင်းခြံမြို့ဟာ ခရိုင်အဆင့်ရှိ

တဲ့မြို့ကြီးဖြစ်ပြီးတော့ ငါန်းဇွန်၊ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်းစတဲ့ ငါးမြို့နယ်နှင့် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဆေးရုံအဆင့်ဟာလည်း ခုတင် ၁၀၀ အဆင့်ဖြစ်သော်လည်းပဲ စံကိုက်အဆင့်ဝန်ထမ်းအင်အား မရှိသေးတဲ့အတွက် ၁၉-၁-၂၀၁၃ ရက်နေ့မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ပြည်သူလူထုနှင့်တွေ့ဆုံမယ့် အခမ်းအနားမှာ နယ်မြေလူထုကနေပြီးတော့ အားကိုးယုံကြည်စွာနှင့် စံကိုက်အဆင့်ဖြစ်အောင် တင်ပြတဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ မကြာခင်မှာ ခုတင် ၁၀၀ စံကိုက်အဆင့်ကို တိုးမြှင့်ပေးမယ်လို့ ကြားသိရတဲ့အတွက် မြို့နယ်လူထုတစ်ရပ်လုံး ဝမ်းသာမဆုံးရှိနေကြောင်းလည်း တင်ပြလိုပါတယ်။ ထိုနည်းလည်းကောင်းပဲ လွှတ်တော်ကျင်းပတဲ့အချိန်များမှာ မအားမလပ်တဲ့ကြားကနေပြီး ကျွန်တော်တို့ နယ်ကို ကိုယ်တိုင်ကြွရောက်ပြီးတော့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒများကို လာရောက်ပြီးတော့ နားထောင်ပေးဖော်ရတဲ့ ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ဂုဏ်ယူမဆုံးရှိနေကြောင်းကိုလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခရိုင်ဟာ လူဦးရေအားဖြင့် ထူထပ်ပြီးတော့ လူတန်းစားအနေနဲ့ကလည်း တောင်သူလယ်သမားအများစု ဖြစ်ပါတယ်။ စီးပွားရေးဟာ သင့်တင့်မျှတရုံသာ ရှိပြီးတော့ နေပူဖုန်ထူမိုးနည်းရေရှား ရပ်ဝန်းဖြစ်တဲ့အတွက် ရောဂါဘယတွေ ဖြစ်ပွားမှုနှုန်း များပြားလှပါတယ်။ နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ပေးနေသော်လည်းပဲ ရောဂါပြင်းထန်လို့ မိမိမြို့နယ်ဆေးရုံများနှင့် မိမိခရိုင်ဆေးရုံကြီးမှာ ကုသမှုစိတ်မချရရင် မြို့နယ်မှ ခရိုင်၊ ခရိုင်မှ မန္တလေးတိုင်းအဆင့် ဆေးရုံများကို ပို့ဆောင်ပေးနေရတာတွေ မကြာခဏရှိပါတယ်။ လူနာရှင်ရဲ့ ဓနအင်အားအရ ပုဂ္ဂလိကကားငှားနိုင်သည်လည်းရှိသလို အများသောအားဖြင့် မငှားနိုင်တဲ့ အဖြစ်အပျက်တွေ မကြာခဏ တွေ့ကြုံနေရပါတယ်။ ငှားလိုက်ရင်လည်း အရပ်ဘက်လူစီးကားသာဖြစ်လို့ လူနာကို မိုင် ၅၀၊ ၁၀၀ ခရီးမှာ ရောဂါထိန်းသိမ်းပေးမယ့် ပစ္စည်းပစ္စယတွေ မပါဝင်တဲ့အတွက် လမ်းမှာ မကြာခဏ အသက်ဆုံးရှုံးသွားရတာတွေကို တွေ့ကြုံနေခဲ့ရပါတယ်။ ဒီနေ့ ဒီလိုခေတ်များမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေကို လွှတ်တော်ကိုယ်စားလှယ်တွေကလည်း အားလုံးလိုလားနေကြပြီးတော့ ဘတ်ဂျက်အသုံးစရိတ်တွေကိုလည်း နိုင်ငံတော်က ပိုမိုခွဲဝေပေးနေတဲ့အချိန်မှာ အလွန်ရခဲလှတဲ့ လူတစ်ယောက်ရဲ့အသက်ဟာ မဆုံးရှုံးသင့်ဘဲနှင့် ဒီလိုမော်တော်ကားမငှားနိုင်လို့ လမ်းခရီးမှာ ဆုံးရှုံးသွားရတာတွေ မဖြစ်အောင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးမှာ လူနာတင်မော်တော်ယာဉ်တစ်စီး အလျင်အမြန်ဖြည့်ဆည်းပေးဖို့ တစ်ခရိုင်လုံးရဲ့ ပြည်သူလူထုရဲ့ ဆန္ဒ

အရ ဤမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ယခုနှစ်ဘတ်ဂျက်မှာ မပါဝင်သေးပါကလည်း မည်သည့်နှစ်ဘတ်ဂျက်တွင် ထည့်သွင်းစီစဉ်ပေးရန် အစီအစဉ်ရှိ၊ မရှိ ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မှ မေးမြန်းထားတဲ့ မေးခွန်းကို ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးမှာ အထူးလိုအပ်လျက်ရှိတဲ့ လူနာတင်မော်တော်ယာဉ်တစ်စီး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်ပတ်သက်လို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ မြင်းခြံခရီးစဉ်မှာလည်း မြို့မိမြို့ဖများအား တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လူနာတင်ယာဉ်အသစ်တစ်စီး ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းစံပြကျေးရွာတိုက်နယ်ဆေးရုံ တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် ကောယားစံပြကျေးရွာ၊ မြင်သာစံပြကျေးရွာတို့အား ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဟုမ္မလင်းမဲဆန္ဒနယ်အတွက် လိုအပ်နေတဲ့ ကျန်းမာရေးဌာနများနဲ့ တိုက်နယ်ဆေးရုံကို တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့

ဟုမ္မလင်းမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဧရိယာ ဧကအကျယ်ဆုံးမြို့နယ်ဖြစ်ပါတယ်။ ဧရိယာဧက ၂၈သိန်းခန့်ရှိပြီးတော့ စတုရန်းမိုင်အားဖြင့် ၄၃၀၀ လောက်ရှိပါတယ်။ လက်ရှိအနေနဲ့တော့ ဟုမ္မလင်းမြို့ကိုဗဟိုပြုပြီးတော့ ဥရုချောင်းဒေသမှာတော့ တိုက်နယ်ဆေးရုံ ၂ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂ ခု၊ ဟုမ္မလင်းမြို့ရဲ့အောက်ပိုင်း ချင်းတွင်းမြစ် မြစ်ကြောင်း ဘေးမှာပါ တိုက်နယ်ဆေးရုံ ၂ ခု၊ကျေးလက်ကျန်းမာရေးဌာန ၁ ခု၊ ဟုမ္မလင်းမြို့ရဲ့အထက်ပိုင်း ချင်းတွင်းဒေသမြစ်ကမ်းဘေးမှာတော့ တိုက်နယ်ဆေးရုံ ၁ ခု၊ကျေးလက်ကျန်းမာရေးဌာန ၂ ခု ဖွင့်လှစ်ထားပြီးတော့ ဟုမ္မလင်းမြို့ပေါ်မှာ ခုတင် ၁၀၀ ဆေးရုံဖွင့်လှစ်ထားပါတယ်။ အခြားမြို့နယ်များအနေနဲ့ ကြည့်ရင် ဒီလောက်ဖွင့်လှစ်ထားတာဟာလုံလောက်ပြည့်စုံနေပြီလို့ထင်မှတ်စရာရှိပါတယ်။ ခုနကတင်ပြသွားသလို ကျွန်တော်တို့ဟုမ္မလင်းမြို့နယ်ဟာ အင်မတန်ဧရိယာကျယ်ပြန့်ပြီးတော့ လူနေသိပ်သည်းဆနည်းပါး ပါတယ်။ တစ်ရွာနဲ့တစ်ရွာကူးလူးဆက်ဆံတဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် ဆေးရုံ၊ ဆေးခန်းတို့ကို နေ့ချင်းပေါက်ရောက်ဖို့တောင် ခဲယဉ်းတဲ့ဒေသဖြစ်ပါတယ်။ ဆေးရုံလာရင်းနဲ့ မီးမဖွားနိုင်လို့ ၊ဆေးရုံလာရင်းနဲ့တောင်ကျချောင်းရေတွေကျလို့ အသက်ဆုံးရှုံးသွားရတာတွေလည်း ရှိပါတယ်။ အဲဒီတော့ ဟုမ္မလင်းမြို့နယ်မှာ ဆရာဝန်တွေမလုံလောက်မှုဟာလည်း ရှိပါတယ်။ ခုနကမြင်းခြံကိုယ်စားလှယ်ဦးဝင်းမြင့် တင်ပြသွားတဲ့အထဲမှာသူတို့ခရိုင်မှာပင်လျှင် ဆရာဝန်ဝန်ထမ်းတွေမလုံလောက်ဘူးဆိုတော့ ကျွန်တော်တို့ဝေးလံခေါင်းပါးဒေသ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်အပါအဝင် အခြားပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာလည်းပဲ ဒါဟာကျွန်တော်တို့အနေနဲ့တော့ဘယ်လိုပြောရမှန်းတောင်မသိပါဘူး။ ဒီလိုမြေပြန့်ဒေသမှာတောင် မလုံလောက်ဘူးဆိုတော့ ကျွန်တော်တို့လိုဒေသမျိုးတွေကို ဘယ်လိုပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်မလဲ။ အဲဒီတော့ ဆရာဝန်တွေပြည့်စုံအောင် ဆောင်ရွက်တဲ့နည်းလမ်းလေးကိုတော့ အလျဉ်းသင့်သလို ကျွန်တော်အကြံပေးတင်ပြခွင့်ပြုပါ။ ပြီးခဲ့တဲ့အပတ်က လက်ထောက်ဆရာဝန် ၁၅၀၀ ခန့်ထားဖို့ခေါ်ယူခဲ့ပါတယ်။ ခေါ်ယူတဲ့အခါမှာ အဆောင်မှာပဲကလေးတွေ၊ ဆရာဝန်လေးတွေရောက်လာကြပါတယ်။ သားတို့သမီးတို့ဘာလုပ်ဖို့လာတာလဲ။ အလုပ်ဝင်ခွင့်စာမေးပွဲဖြေဖို့လာတာတဲ့။ တစ်လ၊နှစ်လတောင် လိုသေးတာပဲဆိုတော့ ကျူရှင်တက်ရဦးမှာတဲ့။ အဲဒီတော့ကလေးတွေသနားစရာကောင်းလိုက်တာ။ မူကြို၊ဘဝ ကတည်းက ကျူရှင်၊ အထက်တန်းကျောင်းသားဘဝက ကျူရှင်၊ ဆယ်တန်းကျောင်းသားဘဝကကျူရှင်၊ ဆေးတက္ကသိုလ်ကျူရှင်၊ ဆရာဝန်အလုပ် လုပ်ခွင့်ရပြန်တော့လည်းကျူရှင်ဆိုတော့ ဘယ်လိုများလုပ်နေကြပါသလဲလို့မေးခွန်းထုတ်စရာရှိပါတယ်။ အဲဒီတော့ဝေးလံဒေသတွေကို ဆရာဝန်

တွေရောက်ရှိအောင် ကျွန်တော့်စိတ်ကူးအတွေးလေးကို တင်ပြချင်ပါတယ်။ ပထမဆုံးဝေးလံ ခေါင်းပါးဒေသမှာရှိတဲ့ မြို့နယ်တွေရဲ့လစ်လပ်နေတဲ့ဆရာဝန်တွေကို မြို့နယ်တွေကို ဘယ်နှစ်ဦး လိုတယ်။ဘယ်မြို့နယ်တွေလိုတယ်။ပြည်နယ်တွေရယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာရှိတဲ့ မြို့နယ်တွေကို စာရင်းပြုစုပြီးတော့ ဥပမာ ၁၀၀၀ လိုတယ်။ ၁၀၀၀ လိုလို့ရှိရင် ဒီဒေသတွေမှာ သွားရောက်ပြီးတော့ အမှုထမ်းနိုင်မယ့် လက်ထောက်ဆရာဝန်တွေကို သီးခြားလျှောက်လွှာ ခေါ်ယူလိုက်ပါ။ အဲဒီမှာသူတို့လျှောက်လာလိမ့်မယ်။ လျှောက်လာတဲ့အခါမှာ တစ်ခါတည်း ခန့်ပေး လိုက်။ မလိုပါဘူး။ သူတို့ တွေ့ခွင့်စာမေးပွဲမှာ ဘာဖြေရသလဲဆိုတော့ အင်္ဂလိပ်နဲ့ မြန်မာစာ။ အင်္ဂလိပ်နဲ့ မြန်မာစာ သူတို့ဂုဏ်ထူးတွေရခဲ့လို့ ဆရာဝန်ဖြစ်ခဲ့ကြပြီ။ ဘာလုပ်ဖို့ဒါကိုဖြေခိုင်းတာလဲ။အဲဒီတော့ ကျွန်တော်တို့ခုနကပြောသလို နောက်တစ်သုတ်ခေါ်မယ်ဆိုရင်တော့ ဒီလိုဘော်လန်ဒီရာလုပ်နိုင်မယ့် ဆရာဝန် တွေကိုခေါ်လိုက်ပါ။ ခေါ်လိုက်ပြီးရင် တစ်ခါတည်းကြိုတင်လစာတွေ နှစ်လစာ၊ သုံးလစာတခါတည်းပေးပြီးခန့်မိန့်ထုတ်ပေးလိုက်ပါ။ ဒါဆိုရင် ဒီမှာတော့ Bondတွေဘာတွေလုပ်ပေး ပေါ့လေ။ ဘယ်နှစ် နှစ်လုပ်ရမယ်။ ဘယ်ဒေသမှာတော့ဘယ်နှစ် နှစ်ဆိုတဲ့Bond တွေနဲ့လုပ်ပေး လိုက်ရင် ကျွန်တော်တို့လိုဝေးလံခေါင်းပါးဒေသတွေမှာ ထမ်းဆောင်နိုင်မယ့် ဆရာဝန်တွေရရှိ လာမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ အဲဒီတော့ကျွန်တော့်ဒေသက ခုနကပြောသလိုပဲ အခုတိုက်နယ်ဆေးရုံ တွေရှိတယ်။ အဲဒီကျွန်တော်တို့ဟုမ္မလင်းရဲ့အထက်ပိုင်းမှာ ထမံသီဆိုတဲ့ ဆေးရုံဆိုရင် ကျွန်တော်တို့ ဟုမ္မလင်းနဲ့မိုင် ၅၀ ကျော်ဝေးတယ်။ ပေါင်ဗွတ်ဆိုတဲ့တိုက်နယ်ဆေးရုံဆိုရင် ကျွန်တော်တို့ဟုမ္မလင်းမြို့နဲ့ ၅၅ မိုင်လောက်ဝေးတယ်။ နောက် နန့်တောတိုက်နယ်ဆေးရုံဆိုရင် မိုင် ၃၀ လောက်ဝေးတယ်။ နောင်ပေါင်ဆေးရုံဆိုရင် ၁၂ မိုင်လောက်ဝေးတယ်။ အဲ့ဒါအပြင် အဲဒီသူတို့လွှမ်းခြုံရတဲ့ဒေသတွေဟာ အင်မတန်လမ်းပန်းဆက်သွယ်ရေးခက်ခဲပါတယ်။ အဲဒီတော့ မောင်းခမ်းဒေသမြို့ဆိုရင် ၁၈ မိုင်လောက်ဝေးပြီးတော့ သူ့ရွာမှာ အိမ်ခြေ ၉၀၀လောက်ရှိပါတယ်။ လူဦးရေ ၅၅၀၀ လောက်ရှိပါတယ်။ အထက်တန်းကျောင်းရှိပါတယ်။ အရင်တုန်းကဒီလက်ရှိဆေးကို ၁၉၆၂ ခုနှစ်ကဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံဖွင့်ချင်လွန်းလို့ ၁၉၇၄ ခုနှစ်လောက်မှာ သူတို့ကိုယ့်အားကိုယ်ကိုးနဲ့ စံကိုက်အဆောက်အဦတစ်လုံးကို ဆောက်လုပ်ခဲ့ကြပါတယ်။ ဒါပေမယ့် လို့လည်း တိုက်နယ်ဆေးရုံမရရှိတဲ့အတွက် ဒီအဆောက်အဦကြီးက ပျက်စီးယိုယွင်းသွားပါပြီ။ ကနေ့တိုင်အောင်တိုက်နယ်ဆေးရုံဖွင့်ခွင့်မရဘဲ ရှိနေပါသေးတယ်။ ဒါကြောင့်မို့လို့ မောင်းခမ်း တိုက်နယ် ကျေးရွာကိုလည်းပဲ တိုက်နယ်ဆေးရုံအဖြစ်ဖွင့်လှစ်ပေးဖို့။ နောက်ကောယားကျေးရွာဆိုရင်

ကျွန်တော်တို့ဟုမ္မလင်းမြို့နဲ့ ၁၂ မိုင်လောက်ဝေးပါတယ်။ အိမ်ခြေ ၆၀၀ လောက်ရှိပြီးတော့ အထက်တန်းကျောင်းခွဲရှိပါတယ်။ လက်ရှိတော့ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားပါတယ်။ တကယ်လို့သာသူဖွင့်လှစ်ခဲ့မယ်ဆိုရင် ကျေးလက်ကျန်းမာရေးထဲနဲ့ လူဦးရေ ၁၀၀၀၀ ကျော်လောက်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်။ နောက်မြင်သာစံပြကျေးရွာကတော့ ဟုမ္မလင်းမြို့ရဲ့အောက်ဘက် ၁၂ မိုင်အကွာမှာတည်ရှိပါတယ်။ အထက်တန်းကျောင်းရှိပါတယ်။ အိမ်ခြေ ၈၀၀ လောက်ရှိပြီးတော့ ကျေးရွာလူဦးရေ ၄၆၀၀ ခန့်ရှိပါတယ်။ တကယ်လို့ကျန်းမာရေးဌာနဖွင့်ရင် လူထု ၁၃၀၀၀ လောက်ကိုကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်။ မြင်သာကျေးရွာမှာဆိုရင် သူတို့ဆေးခန်းလိုချင်လွန်းလို့ ဒါ Foundation ကို ကျကျနန တည်ဆောက်ထားပြီးဖြစ်ပါတယ်။ အဲဒီတော့ကျွန်တော်မှာ ခုနကပြောသလိုပဲ မြို့နယ်တစ်ခုအနေနဲ့ ကျေးလက်ကျန်းမာရေးဌာန ၄ ခု၊ တိုက်နယ်ဆေးရုံ ၄ ခုရှိနေလျက်နဲ့ ဘာကြောင့်မို့ ထပ်ပြောင်းရတာလဲဆိုရင် ခုနကတင်ပြသွားသလိုပါပဲ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ နယ်မြေကျယ်ပြန့်လွန်းတဲ့အတွက် ကျန်းမာရေးလွှမ်းခြုံမှုဟာ အခက်အခဲရှိနေပါတယ်။ မိခင်နဲ့ကလေး သေဆုံးမှုဟာလည်း မြင့်မားနေပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ဒေသမှာ အဖြစ်များတဲ့ ငှက်ဖျားပိုးဦးနှောက်ထဲဝင်တဲ့ ဖြစ်ပြီးတော့သေဆုံးကြရတဲ့ လူနာတွေဟာလည်း အမြင့်မားဆုံးပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းတွေကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်ပြီးတော့ မွေးဖွားမိခင်နဲ့ကလေး သေဆုံးမှုနှုန်းထားမြင့်မားမှု လျှော့ချနိုင်အောင် မောင်းခမ်းစံပြကျေးရွာကို လက်ရှိကျန်းမာရေးဌာနကိုတိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ဖို့၊ နောက်ကောယားစံပြကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ပေးနိုင်ဖို့၊ မြင်သာစံပြကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေး ဌာနအဖြစ် တိုးမြှင့်ပေး နိုင်ခြင်းရှိ၊ မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှဦးအေးအနေနဲ့ ပြည်သူ့ရဲ့ဆန္ဒ၊ ဒေသရဲ့လိုအပ်ချက် အခက်အခဲများကို မြင်သာစွာတင်ပြပြီး လက်တွေ့ကျကျဆောင်ရွက်နိုင်မယ့် လုပ်ငန်းကိစ္စရပ်များ အတွက် အကြံပြုတင်ပြဆွေးနွေးသွားတာ သက်ဆိုင်ရာကျန်းမာရေးကော်မတီအနေနဲ့ သော် လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်းကောင်း ဆက်လက်စဥ်းစားလုပ်ဆောင်ရန်

လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ယနေ့ ဦးအေးဟုမ္မလင်းရဲ့ တင်ပြချက်ပေါ်မူတည်ပြီးတော့ဆက်လက်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးအေးမှ ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းစံပြကျေးရွာ တိုက်နယ်ဆေးရုံတိုးမြှင့်ဖွင့်လှစ်ရေး၊ ကောယားစံပြကျေးရွာနဲ့ မြင်သာစံပြကျေးရွာတို့မှာ ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော်တို့စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂပွဲတော်ခရီးစဉ်မှာလည်း မြို့မိမြို့ဖများတင်ပြခဲ့ပါတယ်။ တင်ပြခဲ့တဲ့အတွက် ဒီအချက်အလက်တွေကကျွန်တော်တို့စိစစ်ပြီးတဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် မောင်းခမ်းစံပြကျေးရွာကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် ကောယားစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနဲ့ မြင်သာစံပြကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲတို့ကို ကျေးလက်ကျန်းမာရေးဌာနအဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ရန် ကိစ္စများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စီစဉ်ဆောင်ရွက်ပေးရန်အတွက် လျာထားပြီး ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ တစ်ဆက်တည်းမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ခုနက တင်ပြဆွေးနွေးအကြံပြုချက်နဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ အနည်းငယ်ရှင်းလင်းတင်ပြခွင့်ပြုပါရန် ကျွန်တော်တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ လက်ထောက်ဆရာဝန်သစ်လွင်များကို ဒီလိုခက်ခဲတဲ့ဒေသ၊ အထူးသဖြင့်တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံတွေမှာ INDEPENDENCE အနေနဲ့ပေးတဲ့အခါမှာ ကျွန်တော်တို့ယခင် အတွေ့အကြုံများအရ အခက်အခဲလေးတွေရှိပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က ကျောင်းတွေမှာ စာတွေ့နဲ့လက်တွေ့မှာ စာတွေ့များများ လက်တွေ့နည်းနည်းပဲအခွင့်အရေး ရခဲ့တဲ့အခါကြတော့ သူတို့ကို ကျွန်တော်တို့က သင်တန်းဆင်းဆင်းချင်းသစ်လွင်တွေကို ဆေးရုံကြီး တွေမှာ ခုတင် ၂၀၀၊ ခုတင် ၁၀၀ ဆေးရုံတွေမှာ အထူးကုဆရာဝန်ကြီးတွေနဲ့ လက်ပွန်းတသီး ၂ နှစ် လေ့ကျင့်သင်ကြားပြီး On Job Training ၂ နှစ် ရအောင်ပေးပါတယ်။ ပြီးတဲ့အခါကျမှ သူတို့ကို ခုနက ဒေသတွေ၊ ခက်ခဲတဲ့ဒေသတွေ မြို့နယ်တွေကို တာဝန်ထမ်းဆောင်စေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ၁၅၀၀ ကို

သစ်လွင်ဆရာဝန်တွေကို ဖောင်ကြီးမှာ သင်တန်းပေးပြီးဖြစ်ပါတယ်။ သူတို့ဆင်းလာတဲ့အခါမှာ ဆေးရုံကြီးတွေမှာ ၂ နှစ်သင်တန်းရရှိပြီးတဲ့ ကလေးတွေကို ခုနက ခက်ခဲတဲ့ဒေသတွေကို ကျွန်တော်တို့ တာဝန်ထမ်းဆောင်ပေးမှာဖြစ်တဲ့အတွက် ခုနက လစ်လပ်တဲ့ဆရာဝန်တော်တော်များများ ၈၀ ရာခိုင်နှုန်းကျော်သည် ဖြည့်ဆည်းသွားမှာ ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဥပဒေကြမ်းကို ၁၅-၈-၂၀၁၂ ရက်နေ့တွင်လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေး တင်ပြခဲ့ပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကိုလည်း ၉-၁-၂၀၁၃ ရက်နေ့တွင် တင်သွင်းပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ယခုစတင်ဆွေးနွေးပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းကော်မတီ အပါအဝင် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်မရှိသည့် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉ အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်အချက်များကို ဥပဒေကြမ်းကော်မတီက လွှတ်တော်မှာတင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်

အတည်ပြုချက်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်တင်ပြချက်ဇယားများကို အတည်ပြုပေးနိုင်ရေး အတွက် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တင်ပြသွားမှာဖြစ်ပါတယ်။ (၁) အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်များဖြင့် ပေးပို့လာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၈-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပြီး လွှတ်တော် ကိုယ်စားလှယ်များထံ ၁၄-၈-၂၀၁၂ ရက်နေ့တွင် ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ (၂) ဥပဒေကြမ်းကော်မတီရဲ့ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို ၉-၁-၂၀၁၃ ရက်နေ့တွင် လွှတ်တော်တွင် ဖတ်ကြား တင်ပြခဲ့ပြီး ဥပဒေကြမ်းနှင့်ပတ်သက်လို့ ပြင်ဆင်အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရဲ့အမည်စာရင်းကို တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့တောင်းခံချက်အရ ပြင်ဆင်ချက်အဆိုတင်သွင်း ခဲ့ကြတဲ့ ကိုယ်စားလှယ်များမှာ ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်နှင့် ဦးဉာဏ်ဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်တို့ဖြစ်ပါတယ်။ (၃) ဥပဒေကြမ်းကော်မတီသည် ၂၉-၁-၂၀၁၃ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း ဆွေးနွေးပြီး ပြင်ဆင်ရန်တင်ပြချက်များကို သဘောတူညီခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ဤဥပဒေကြမ်း အတွက် ပြည်သူ့လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းပေးနိုင်ရန် ပြင်ဆင်ချက်များကို ယနေ့ ၄-၂-၂၀၁၃ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ (၄) သို့ဖြစ်ပါ၍ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ အပိုဒ်ခွဲ (က)၊(ခ)၊ (ဂ)နှင့်(ဃ)တို့အရ အပိုင်း ၃ ပိုင်းခွဲခြားပြီး အတည်ပြုပေးနိုင်ပါရန် ဥပဒေကြမ်းကော်မတီကိုယ်စား အောက်ပါအတိုင်း အဆိုပြုတင်ပြအပ်ပါတယ်။ (က) ဤဥပဒေကြမ်းတွင် ပြင်ဆင်ရန်တင်ပြချက် ၇၃ ချက်ရှိသည့်အနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်းကော်မတီမှ သဘောတူသည့် ၄၂ ချက် မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါတယ်။ အမှတ်စဉ် ၁ ဥပဒေခေါင်းစီး၊ အမှတ်စဉ် ၂ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊(ဈ)၊ အမှတ်စဉ် ၃ အခန်း(၂) ခေါင်းစဉ်းနှင့် ပုဒ်မ ၃ ပုဒ်မခွဲ(က)၊ (ခ)၊ (ဃ)၊ အမှတ်စဉ် ၄ အခန်း(၃) ခေါင်းစဉ်နှင့် ပုဒ်မ ၄ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅ ပုဒ်မခွဲ(က)၊ (ခ)၊(ည)၊(ဍ)၊(ဏ)၊ (တ)၊(ထ)၊(မ)၊(ရ)၊ ပုဒ်မ ၆၊ အမှတ်စဉ် ၅ အခန်း(၄) ခေါင်းစဉ်နှင့် ပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့်(ခ)၊ ပုဒ်မ ၉ ပုဒ်မခွဲ(ဈ)၊(ဠ)၊ အမှတ်စဉ် ၆ အခန်း(၅) ခေါင်းစဉ်၊ အမှတ်စဉ် ၇ အခန်း(၆) ခေါင်းစဉ် ပုဒ်မ ၁၅ ပုဒ်မခွဲ(င)၊(ဆ)၊(ဈ) ပုဒ်မ ၁၇ ပုဒ်မခွဲ(ဇ)၊(ဈ)၊ ပုဒ်မ ၁၈ ပုဒ်မခွဲ(က)၊ အမှတ်စဉ် ၈ အခန်း(၇) ခေါင်းစဉ် ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)၊(ဂ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ(ခ)၊(ဂ)၊ ပုဒ်မ ၂၃၊ အမှတ်စဉ် ၉

အခန်း(၈) ခေါင်းစဉ် ပုဒ်မ ၂၇၊ ပုဒ်မ ၂၈ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃ဝ ပုဒ်မခွဲ(ဃ)၊ အမှတ်စဉ် ၁ဝ အခန်း(၉) ခေါင်းစဉ် ပုဒ်မ ၃၃ သို့ဖြစ်ပါ၍ အထက်ဖော်ပြ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူထားသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်စုစုပေါင်း ၄၂ ချက်ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်ရန်အချက် ၇၃ ချက်ရှိတဲ့အနက်မှ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း ၄၂ ချက်ကို ဥပဒေကြမ်းကော်မတီမှ သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီမှ သဘောတူထားတဲ့ အချက် ၄၂ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်မှာ သဘောမတူသူမရှိတဲ့အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန်အချက် ၇၃ ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ ၄၂ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်လန့်ဖြတ်ဇယားကို အသုံးပြုပါမယ်။ ဒါကြောင့် ပြင်ဆင်အဆိုပြုထားတဲ့ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် သက်ဆိုင်ရာအပိုဒ်အလိုက် လွှတ်တော်သို့တင်ပြပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော် များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်မနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်မကတော့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်တင်ပြချက်တင်သွင်းမည့် ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေးမြင့် ဖြစ်ပါတယ်။ ကျွန်မပြင်ဆင်တင်ပြမယ့်အချက်က ပြင်ဆင်ချက်ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ မှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်မှာ အရင်းအမြစ်ဆိုသည်မှာ ဘေးသင့်ပြည်သူ များအတွက်

လိုအပ်သော လူ့စွမ်းအား၊ စွမ်းအင်၊ ကျွဲ၊ နွားတိရစ္ဆာန်၊ ယာဉ်၊ ပစ္စည်းကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ အဆောက်အအုံ၊ သိုလှောင်ရုံ၊ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်း၊ ပြန်လည်ထူထောင်ရေးပစ္စည်း၊ နေရာနှင့်ငွေကြေးအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဆိုသည်ဟု ပြင်ဆင်ထားတာကို ကျွန်မ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ အရင်းအမြစ် ဆိုသည်မှာ ဘေးသင့်သူများအတွက် လိုအပ်သော လူ့စွမ်းအား၊ စွမ်းအင်တစ်မျိုးမျိုး ဒီနေရာမှာ တစ်မျိုးမျိုးပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ကျွဲ၊ နွားတိရစ္ဆာန်၊ ယာဉ်တစ်မျိုးမျိုး၊ ပစ္စည်းကိရိယာ ဒီမှာလည်း တစ်မျိုးမျိုးဖြည့်စွက်ပြင်ဆင်လိုပါတယ်။ ပစ္စည်းကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ အဆောက်အအုံ၊ သိုလှောင်ရုံ၊ စားရေရိက္ခာနှင့် ဆက်သွယ်ရေးပစ္စည်းများ များဖြည့်ပါတယ်။ ပြန်လည်ထူထောင်ရေးပစ္စည်းများ များဖြည့်ပါတယ်။ နေရာနှင့် ငွေကြေးအပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ များဖြည့်ပါတယ်။ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဆိုသည်လို့ ကျွန်မ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ဒီနေရာမှာ တစ်မျိုးမျိုးဆိုတဲ့ စကားသုံးတွေကို ပြင်ဆင်ဖြည့်စွက်ရတာမှာ အကြောင်းအချက် ၃ ချက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အချိန်ကိုချုံ့သောအားဖြင့် ရေးမှတ်ထားတဲ့စာကို ကြည့်ခွင့်ပြုပါ။ တစ်မျိုးမျိုးဆိုတဲ့စကားကို ဖြည့်စွက်ပြီးတော့ပြင်ဆင်ရတာမှာ အကြောင်း ၃ ချက်ရှိတယ်ဆိုတာမှာ ယာဉ်ဆိုတာဟာ သက်ရှိ ကျွဲ၊ နွား တိရစ္ဆာန်တွေဆွဲတဲ့ယာဉ် သက်မဲ့ဖြစ်တဲ့ စက်တပ်ယာဉ်တွေဆွဲတဲ့ယာဉ် ဆိုပြီးတော့ စီးနင်းတဲ့ယာဉ်၊ ဝန်သယ်တဲ့ယာဉ်တွေအဖြစ်နဲ့ အသုံးပြုနေတဲ့ ယာဉ်အမျိုးအစား များစွာထဲက တစ်မျိုးလို့ ညွှန်းဆိုရာရောက်တဲ့အတွက်ကြောင့်မို့လို့ အနက်အဓိပ္ပာယ် ရည်ညွှန်းချက် ပိုမိုကျယ်ပြန့် သေချာပြည့်စုံစေခြင်း နောက် နံပါတ်(၂) အချက်ကတော့ စကားလုံးတူ ၂ လုံးဖြစ်တဲ့မျိုးမျိုးကို ထပ်ဆင့်သုံးခြင်းအားဖြင့် ဆိုလိုရင်းကို ပိုမိုသေချာစေ၊ လေးနက်စေခြင်း၊ နောက်နံပါတ် (၃) အချက်ကတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်တွေထဲမှာကိုပဲ ပြည်ပနိုင်ငံတစ်ခုခု၊ အခြားနိုင်ငံတစ်ခုခု လုပ်ငန်းတာဝန်တစ်ရပ်ရပ် ပုဂ္ဂိုလ်တစ်ဦးဦး နယ်မြေဒေသတစ်ခုခု ဆောင်ရွက်မှုတစ်ခုခု ပျက်ကွက်မှုတစ်ရပ်ရပ်လို့ စကားလုံး အသုံးတူနှစ်လုံးစီဆင့်ပြီးတော့ သုံးထားတာတွေ တွေ့ရပါတယ်။ အဲဒီတော့ ဒီအချက် ၃ ချက်ကြောင့် တစ်မျိုးမျိုးဆိုတဲ့ စကားသုံးကို ဖြည့်စွက်ပြီးတော့ရင် ပြင်ဆင်လို ခြင်းဖြစ်ပါတယ်။ နောက် များဆိုတာကတော့ တစ်မျိုးစီရဲ့ အများပြစကားသုံးများကို တိကျရန် လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ဖြည့်စွက်ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

နောက် စာမျက်နှာ ၃ မှာပါပဲ အမှတ်စဉ် ၅ အခန်း(၁) အပိုဒ် ၂ အဲဒီမှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်က အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကိုဆိုသည်မှာ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဆိုသည်လို့ ပြင်ဆင်ထားပါတယ်။ ဒါကို ကျွန်မ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဆိုသည်မှာ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရအချင်းချင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဆိုသည်ဆိုပြီးတော့ ကျွန်မ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့ ပြင်ဆင်ချက်ထဲက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဆိုတဲ့ စကားသုံးကို ကျွန်မ ဖြုတ်ထားပါတယ်။ ဒါဟာ စကားသုံးမထပ်စေခြင်း၊ စကားသုံးကို ကျစ်ကျစ်လျစ်လျစ် ဖြစ်စေချင်တဲ့အတွက်ကြောင့်မို့လို့ ဖြည့်စွက်ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၁၂ မှာ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်က အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ထိရောက်လျှင် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလို့ ရှိတာမှာ ကျွန်မက အမျိုးသားကော်မတီ၏ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာ အစိုးရဌာန အစိုးရဆိုပြီးတော့ အဲဒီမှာ ဌာနကို ကျွန်မ ဖြုတ်လိုပါတယ်။ စကားသုံးကို ကျစ်လျစ်သွားစေချင်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းများက ပြည်တွင်းပြည်ပစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြား အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ထိရောက်လျင်မြန်စွာ လယပင့်မှာ ဟထိုးမပါပါဘူး။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလို့ ကျွန်မပြင်ဆင်လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မဟာ နိုင်ငံတော်တာဝန်ကို နှစ်ပေါင်း ၄၀ နီးပါး ထမ်းဆောင် ခဲ့တဲ့ မြန်မာစာဆရာမတစ်ဦးအနေနဲ့လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့လည်းကောင်း မြန်မာစာရေးထုံးသတ်ပုံများမှာ မမှားသင့်မမှားထိုက်တာလေးတွေကို ကျွန်မကို အနည်းငယ် လိုရင်းကို ချုံ့ပြီးတော့ ပြောခွင့်ပြုပါ။ ဒီမှာ လယပင့်ဟထိုးသတ်သည် သူဟာ သွားရင် လာရင် သူဟာ အင်္ဂလိပ်လိုတော့ if ဆိုတဲ့အဓိပ္ပာယ်ကိုသာဆိုလိုတာပါ။ လျင်မြန်စွာ Quick ဆိုတဲ့

အဓိပ္ပာယ်ဟာ ဟထိုးမပါပါဘူး။ မြန်မာစာလုံးသတ်ပုံတွေကို စာလုံးပေါင်းသတ်ပုံတွေနဲ့ ရေးကြတဲ့ အခါမှာ တစ်လုံးတစ်လေ တစ်နေရာ တစ်ကြိမ်တစ်ခါမှာ မှားလို့ရှိရင် စာရိုက်သူရဲ့ အတွေ့အကြုံမရှိမှု အမှားလို့ယူဆလို့ရပေမယ့်လို့ နေရာအတော်များများ တချို့တစ်လေထောက်ပြရရင် နိုင်ငံတော်က စံအဖြစ်နဲ့ ထားရမယ့်သတင်းစာလို၊ မဂ္ဂဇင်းလိုမှာတောင် တစ်ခါတစ်ရံမှာ ဒီလို အမှားမျိုးလေးတွေကို ကြုံလာတဲ့အတွက်ကြောင့်မို့လို့ မသိလို့ အရေးမှားခြင်းတွေ ဖြစ်တယ်ဆိုတာ ထင်ရှားလာပါတယ်။ ကျွန်မတို့ အမှတ်မှား၊ အပြောမှား၊ အရေးမှား၊ စာလုံးမှားခြင်းတွေဟာ အမှားကြာ တော့ အမှန်ဖြစ်မှာစိုးရပါတယ်။ လူညီလျှင် ဤကိုကျွဲဖတ်ဆိုတဲ့ဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ။ ကျွဲဟာ ကျွဲ၊ ဤဟာ ဤပါပဲ။ တစ်နည်းပြောရလို့ရှိရင်လည်းပဲ ကျွန်မတို့ရဲ့ ကိုးကွယ်မှုဗုဒ္ဓဘာသာ သာသနာတော်မှာ သာသနာတော်ရဲ့အသက်ဟာ ဝိနည်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒီလိုပါပဲ ကျွန်မတို့ရဲ့ မြန်မာစာမှာလည်း စာလုံးပေါင်းသတ်ပုံဟာ ကျွန်မတို့ မြန်မာစာရဲ့အသက်ပါပဲ။ တစ်နည်းပြောရလို့ရှိရင် အဲဒီ စာလုံးပေါင်းသတ်ပုံဟာ ဝိနည်းတော်တွေမှာ မှားခဲ့ပြီဆိုလို့ရှိရင် သာသနာတောင်ပျက်ရာ ပျက်ကြောင်းကို မြင်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာစာစာလုံးပေါင်းသတ်ပုံများကို သတ်ပုံရေးထုံး ကျမ်းလည်း ရှိတဲ့အတွက်ကြောင့်မို့လို့ ဂရုစိုက်ပြီးတော့ ရေးကြဖို့၊ ပြောကြဖို့ ဒါတွေလိုပါတယ်။ နောက် ကျွန်မတို့ ဒီမှာတွေ့နေရပါတယ်။ တကယ့်ကို အထင်ကရ နိုင်ငံတော်မှာ ထိပ်ဆုံးဆိုတဲ့ နိုင်ငံတွေ မှာတောင် ကျွန်တော်မှ ပြောဆိုပါမည်ဆိုတာမျိုး မဖြစ်သင့်တာပါ။ မှဆိုတာ ထွက်ခွာရာပြပုဒ်ပါ။ က ဆိုတာက ကတ္တားပုဒ်ပါ။ နောက် အားနှင့်ကို ကိုဆိုတာက ကံပုဒ်ပါ။ အားဆိုတာ လက်ခံပုဒ်ပါ။ အဲဒီလို မမှားသင့် မမှားထိုက်တာလေးတွေ တွေ့လာတဲ့အခါမှာ ဒါတွေဟာ ကျွန်မတို့ရဲ့ မြန်မာစာ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်လာပါတယ်။ စာပေမြင့်မှ လူမျိုးတင့်မယ်ဆိုတဲ့စကားဟာ ကျွန်မတို့ နိုင်ငံ ကျွန်မတို့ စာပေ ကျွန်မတို့ မြန်မာဘာသာစကားရဲ့ အရိပ်အတည် ဆောင်ပုဒ်ဖြစ်ပါတယ်။ ခိုင်မာတဲ့ရေးထုံးကို သတိပြုမှလည်း ဆိုလိုရင်းကိုရောက်မှာဖြစ်ပါတယ်။ လူကြီးလူငယ်မရွေး မြန်မာစကားကို မှန်မှန် ကန်ကန် မသုံးတတ် မရေးတတ်တာကိုပဲ တစ်လွဲဂုဏ်ယူနေတယ်ဆိုလို့ရှိရင် ကျွန်မတို့ဟာ ဥပမာ လေးပြခွင့်ပြုပါ။ တောက်ကွက်တွေဖြစ်မှာစိုးရပါတယ်။ တောက်တဲ့ဟာ တောက်တဲ့လို့မည်မှ သူ တောက်တဲ့ဖြစ်မှာပါ။ ဇီးကွက်ဟာလည်း ဇီးကွက်လို့မည်မှ ဇီးကွက်ဖြစ်မှာပါ။ ကျွန်မတို့မြန်မာစာမှာ စာလုံးပေါင်းသတ်ပုံကို ဒီလိုအမှားရေးကြပြီးတော့ အပြောမှားကြပြီးတော့ အမှတ်မှားကြမယ်ဆိုရင် တော့ တောက်တဲ့လည်းမမည် ဇီးကွက်လည်းအသံမထွက်ဘဲ အကုန်ဟာ တောက်ကွက်တွေဖြစ်မှာ စိုးရပါတယ်။ တကယ်တမ်းကျတော့ ကျွန်မတို့ ဒီစာလုံးပေါင်းသတ်ပုံနှင့် ပတ်သက်လို့ တစ်သီးတစ်သန့်

အနေနဲ့ကို အချိန်ယူပြီးပြောရမှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးရှင့်။ အဲဒါကိုလည်း လိုအပ်လာတဲ့ အချိန်မှာ လိုအပ်လာတဲ့အချိန်ဆိုတာ အခြားအရေးကြီးကိစ္စများ ဒါလည်းအရေးကြီးပေမယ့် သီးခြား အရေးကြီးသော ကိစ္စများပြီးစီးသွားတဲ့အခါကျရင်တော့ ကျွန်မဒါကို ကြိုးစားပြီးတော့ ဥက္ကဋ္ဌကြီးထံ တင်သွင်းမယ်လို့ ကျွန်မစိတ်ကူးထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ပျက်ပျက် ယွင်းယွင်း ပြောကြဆိုကြတာတွေဟာ ပြင်ပေးရမယ့် လူကြီးတွေကိုယ်တိုင်က မှားလာကြပြီဖြစ်တဲ့ အတွက်ကြောင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်းတဲ့ ပြင်ဆင်ချက်ကိုပြောဆိုရင်းနဲ့ ကျွန်မတို့ရဲ့ မြန်မာဘာသာစကား ရေးထုံးသတ်ပုံ အပြောမှား၊ အရေးမှား တွေနဲ့ ပတ်သက်လို့ ကျွန်မကိုပြောခွင့်ပြုတဲ့အတွက်ကြောင့်မို့လို့ အထူးကိုကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်ရဲ့ ပြင်ဆင်ချက် အဆိုကို ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီမှ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်အေးမြင့်ရဲ့ ပြင်ဆင်ချက်အဆိုအား လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာဒေါ်အေးမြင့်ရဲ့ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လှိုင်သာယာမဲဆန္ဒနယ်မှ ဦးညဏ်ဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးညဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဦးညဏ်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် စာမျက်နှာ ၂၃ အမှတ်စဉ် ၆၉ အပိုဒ် ၃၁ တွင် အောက်ဆုံးစာကြောင်းမှ ရေတွက်လျှင် သုံးကြောင်းမြောက်တွင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားပါတယ်။ ယင်းစာပိုဒ်တွင် ထိုသူကိုဟု အစဖော်ပြပြီး အဆုံးတွင် ချမှတ်ခြင်းခံရမည်မှာ မဆီလျော်ပါ။ ထိုသူကို ချမှတ်ရမည်ဟု သုံးနှုန်းမှ ဆီလျော်မှာ ဖြစ်ပါတယ်။ ထို့အပြင် အမှတ်စဉ် ၆၅ အပိုဒ် ၂၆ နှင့် စဉ် ၆၇ အပိုဒ် ၂၉ တို့တွင် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်များတွင်လည်း ထိုသူကို ချမှတ်ရမည်ဟု ပြင်ဆင်ထားသင့်လျှင်လည်း ဆီလျော်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်ချက်အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ တစ်ဆက်တစ်စပ်တည်းမှာ ဆက်ပြီးတင်ပြရရင် စာမျက်နှာ ၂၄ အမှတ်စဉ် ၇၃ အပိုဒ် ၃၆ တွင် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သဘာဝဘေးအန္တရာယ်မကျရောက်သေးဆိုတဲ့ စာကြောင်းတွင် သဘာဝဘေးအန္တရာယ်နှင့် မကျရောက်သေး နှစ်ခုကြားမှာ လတ်တလောကို ပြင်ဆင်ပြီးတော့ ထည့်ပါတယ်။ အဲ့ဒီလို ထည့်ခြင်းအားဖြင့် လတ်တလောဆိုတဲ့ အခြေအနေနှင့် အချိန်အခါပြကို မကျရောက်ဆိုတဲ့ ကြိယာနှင့်ကပ်ထားလိုက်တဲ့အတွက် အဓိပ္ပာယ်ပိုမိုပေါ်လွင်စေပါတယ်။ ၎င်းအပြင် မကျရောက်သေးနောက်ရှိသောအခြေအနေတွင်ဆိုသည့်စာသားအား ဖျက်ပါတယ်။ ဖျက်ပြီးတော့ သော်လည်းကို ပြောင်းထည့်ပါတယ်။ အဲ့ဒီလို ပြောင်းထည့်ခြင်းအားဖြင့် စာသားကို ကျုံ့ပြီး ကျစ်လျစ်သွားစေပါတယ်။ ထို့အပြင် ဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့် နေရာရှိဆိုတဲ့ စာသားအား ဘေးအန္တရာယ်မကြာမီ ကျရောက်လာနိုင်သည်ဟု စာသားဖြင့် ပြောင်းလဲပြင်ဆင်ပါတယ်။ ဖြစ်လာနိုင်သည်ဟူသော စာသားအသုံးအနှုန်းကို အထက်စာသားနှင့်ဆီလျော်အောင် ကျရောက်ဟူသောအသုံးအနှုန်းပြောင်းသုံးကာ မကြာမီဆိုတဲ့အချိန်ပြကို ကျရောက်ဆိုတဲ့ ကြိယာရှေ့မှာကပ်ထားလိုက်ခြင်းအားဖြင့် မကြာမီကျရောက်လာနိုင်မည်ဟု အဓိပ္ပာယ်ပိုမိုပေါ်လွင်စေပြီး နေရာရှိစာသားရှေ့တွင် ယုံကြည်ရသည့်စာသားကို ဖြည့်စွက်ထည့်သွင်းထားလိုက်ခြင်းအားဖြင့် နေရာကို ဘယ်လိုနေရာမျိုးဖြစ်တယ်ဆိုတာ ပေါ်လွင်ထင်ရှားလာစေပါတယ်။ နောက်ဆုံးစာသားဖြစ်တဲ့ ဆန္ဒကို ရယူဆောင်ရွက်ရမည် စာသားတွင် ရယူကိုဖျက်၍ နှင့်အညီကို ထည့်ပြီး ဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ရေးသားခြင်းအားဖြင့် ဥပဒေရေးထုံးနှင့်ညီညွတ်သည့်အပြင် စာသားကိုလည်း ပိုမိုကျစ်လျစ်စေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုအား အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီမှ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ သဘောထားပြောပါ။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဝင်းရဲ့အဆိုကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးဉာဏ်ဝင်းရဲ့ ပြင်ဆင်ချက်အဆို နှစ်ခု အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်ခွဲများကို ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကို တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၃) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပမည့်နေရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၃) ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]